ရှမ်းပြည်နယ်လွှတ်တော်
လွှတ်တော်သတင်းလွှာ
Shan State Hluttaw Bulletin

၁၃၈၀ ခုနှစ် ၊ တော်သလင်းလဆန်း (၈)ရက်၊ (၁၇ . ၉ . ၂၀၁၈ )၊ အတွဲ(၁)၊ အမှတ်(၁၂)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်အား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဟဲဟိုးလေဆိပ်တွင်ကြိုဆို၍ တွေ့ဆုံပွဲ အခမ်းအနားတက်ရောက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီးများသည် (၉. ၇. ၂၀၁၈)ရက်နေ့၊ နံနက် ၈နာရီ အချိန်တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် နံနက် ၁၀ နာရီအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်သမ္မတနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ လွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပါသည်။

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ရှမ်းပြည်နယ်လွှတ်တော် ခရီးစဉ်





ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် သည် (၂၀. ၅. ၂၀၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်သို့ ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများမှ ကြိုဆိုနှုတ်ခွန်းဆက်သကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီ အစည်းအဝေးခန်းတွင် တွေ့ဆုံပွဲ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပါသည်။ အဆိုပါ တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရေးရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး တွေ့ဆုံပွဲကို နံနက် ၁၀နာရီ ၂၀မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

၎င်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အဖွဲ့သည် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမအား လှည့်လည်ကြည့်ရှုကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦနှင့် ပြည်နယ်လွှတ်တော်ဧည့်ရိပ်သာ အဆောက်အဦတို့အား လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ





ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦနှင့် ပြည်နယ်လွှတ်တော်ဧည့်ရိပ်သာ အဆောက်အဦတို့အား လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို (၇. ၆. ၂၀၁၈)ရက်နေ့ နံနက် ၉ နာရီ ၃၀ မိနစ် အချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် တည်ဆောက်ရေးလုပ်ငန်း ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် တည်ဆောက်ရေးလုပ်ငန်းဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌဦးစဝ်အောင်မြတ်က ဆွေးနွေးပြောကြားကာ MKT Construction Co.,Ltd မှ CEO ဦးမျိုးမြင့်၊ ရှမ်းပြည်နယ်အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်း၊ Consultant Team မှ ဦးစိုးငြိမ်းကို ရှမ်းပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်တို့က အဆောက်အဦများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြပါသည်။

ယင်းနောက် ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦနှင့် ပတ်သက်သည့် အချက်အလက်များအား MKT Construction Co.,Ltd မှ CEO ဦးမျိုးမြင့်ကလည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဧည့်ရိပ်သာနှင့်ပတ်သက်သည့် အချက်အလက်များအား ရှမ်းပြည်နယ်အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းကလည်းကောင်း ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦနှင့် ရှမ်းပြည်နယ်လွှတ်တော် ဧည့်ရိပ်သာတို့အား ရှမ်းပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ရှမ်းပြည်နယ် အဆောက်အဦတည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်သည့် QC/QA စစ်ဆေးခြင်းမှတ်တမ်းများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(ရှမ်းပြည်နယ်အသင်းခွဲ) တာဝန်ရှိသူမှ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။



# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပ



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ (၂၈- ၅ -၂၀၁၈)ရက်နေ့မှ (၃၁ - ၅- ၂၀၁၈) ရက်နေ့ထိ (၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ကတိသစ္စာပြုကြပါသည်။ ၎င်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ မိန့်ခွန်းပြောကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း ၆၈ ခုကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အဆို ၃ ခု တင်သွင်းခဲ့ရာ အဆို ၁ ခုကို အတည်ပြုခဲ့၍ အဆို ၂ ခုမှာ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေ (မူကြမ်း)တို့အား အတည်ပြုခြင်း၊ ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)အား တင်သွင်းခြင်း၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် မဲခွဲရာ၌ စက်ခလုတ်အသုံးပြုသည့်စနစ်ကို စတင်ကျင့်သုံးခဲ့ခြင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ဒေသအသီးသီးရှိ ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို လွှတ်တော်တွင် မေးခွန်းများ၊ အဆိုများဖြင့် တင်ပြနိုင်ကြပြီး မိမိတို့လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသည့် အတိုင်း ပြည်သူများ၏ ဆန္ဒနှင့်ဘဝ ထပ်တူကျစေဖို့ စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီကနေ့ အစားထိုးပြောင်းလဲခန့်အပ်ခြင်းခံရတဲ့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ရှမ်းပြည်နယ်လွှတ်တော်က နွေးထွေးစွာ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းဟာ (၂)နှစ်ကျော်လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီခရီးလမ်းဟာ တည်ငြိမ်မှု အတော်အသင့်ရရှိနေပြီလို့ဆိုရမှာဖြစ်ပါတယ်။ ထို့အတူ ဒီမိုကရေစီစနစ်ရဲ့ အမူအကျင့်ကောင်းများဖြစ်သော အပြန်အလှန်ဆွေးနွေးခြင်း၊ လေးစားယုံကြည်ခြင်းနဲ့ ပူပေါင်းဆောင်ရွက်ခြင်း စသည်တို့ကိုလည်း လိုက်နာကျင့်သုံးနေပြီလို့ မျှော်လင့်ပါတယ်။

ယခုကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက အဆို ၄ ခု ပေးပို့ထားပြီး၊ လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း ၆၉ ခုပေးပို့ထားတာ ရှိပါတယ်။ အစည်းအဝေးမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ ရေးဆွဲပြုစုပြီးပေးပို့သည့် ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်သလိုဆွေးနွေးပြီး လွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူဖို့ရှိပါတယ်။

ဥပဒေကြမ်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်

တစ်ဦးက ဥပဒေကြမ်း(၁)ခုကို တင်သွင်းဖို့ရှိသလို နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရက တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်း ဥပဒေ (မူကြမ်း) ကိုလည်း လွှတ်တော်မှာ ဆွေးနွေး အတည်ပြုမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

လွှတ်တော်အစည်းအဝေးမှာ အဆိုများ တင်သွင်းခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းကဏ္ဍနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတင်သွင်းပြောဆို မေးမြန်းလိုတဲ့ အဆို (သို့မဟုတ်) မေးခွန်းများကို လွှတ်တော်ရုံးသို့ မူလ ပေးပို့ခဲ့တဲ့ စာသားအတိုင်း အချက်များအတိုင်း ဖတ်ကြားဖို့ လိုအပ်ပါတယ်။ အဲ့ဒီအတိုင်း လိုက်နာဆောင်ရွက်တဲ့ ကိုယ်စားလှယ်များ ရှိသလို တစ်ချို့သော လွှတ်တော်ကိုယ်စားလှယ်များဟာ မေးခွန်းများကို စာပိုဒ်သုံးလေးပိုဒ်သာပေးပို့ထားခဲ့ပြီး လွှတ်တော်အစည်းအဝေးကျတော့ မူလပေးပို့ထားသော အချက်များ အပြင် မေးခွန်းများနဲ့ဆက်စပ်မှုမရှိသော အကြောင်းအရာများ၊ မေးခွန်းနှင့် ဆက်စပ်မှုရှိသော်လည်း မူလပေးပို့ခဲ့သည့် မေးခွန်းစာသားတွင် ဖော်ပြခြင်း မရှိဘဲ ထပ်မံဖြည့်စွက်ပြီး ရှည်လျားစွာ မေးမြန်းပြောဆို တာတွေကို တွေ့ရှိရပါတယ်။

ဒီအတွက် ဖြေကြားပေးမည့် ပြည်နယ်အဖွဲ့အစည်းဝင်များအတွက် အခက်အခဲဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် မေးခွန်းနဲ့ အဆိုများကို လွှတ်တော်ရုံးသို့ မိမိပေးပို့ခဲ့တဲ့ အချက်နဲ့စာသားအတိုင်း အစည်းအဝေးမှာ အတိအကျ မေးမြန်းဖို့လိုကြောင်း ပြောကြားလိုပါတယ်။ ဖြေကြားပေးမည့် ပြည်နယ်အဖွဲ့အစည်းဝင်များက စုံလင်စွာဖြေကြားနိုင်ရေးအတွက် အသုံးပြုမည့်ပုံများ၊ မှတ်တမ်းဆိုင်ရာ အချက်အလက်များကိုလည်း ကြိုတင်၍ မေးခွန်းပေးပို့ချိန်မှာ ပေးပို့စေလိုပါတယ်။ ဒါမှသာ ဒီမိုကရေစီရဲ့ အမူအကျင့်ကောင်းများနှင့်အညီ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရာ ရောက်ရှိမှာ ဖြစ်ပါတယ်။

လွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ လွှတ်တော် ရေးရာကော်မတီများရဲ့ အခန်းကဏ္ဍဟာလည်း လွှတ်တော်အားကောင်းဖို့အတွက် အဓိက အရေးကြီးပါတယ်။ လွှတ်တော်ရေးရာ ကော်မတီများအနေနဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို သတ်မှတ်ပေးထားပြီးဖြစ်လို့ တာဝန်များကို ထမ်းဆောင်ရာမှာ ပြည်သူသည်သာ အခရာဖြစ်၍ ပြည်သူကို ဗဟိုပြုကာ မိမိပြည်နယ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ စွမ်းရည်(Capacity) မြှင့်မားအောင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေး ကြားကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးရဲ့ အရင်းအမြစ်ဖြစ်သော ရုံးဝန်ထမ်းများအတွက် NGO/ INGO နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တွေ့ဆုံမှုများ၊ စွမ်းရည် မြှင့်တင်ရေးဆိုင်ရာသင်တန်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲများကို ၁၉ ကြိမ်တိတိ ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြပါတယ်။

နိဂုံးချုပ်အားဖြင့် လွှတ်တော်ရဲ့ အဓိက တာဝန်ဖြစ်သော ဥပဒေပြုရေးကို ဆောင်ရွက်ရာမှာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပွင့်လင်းမြင်သာစွာဖြင့် ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်ပြဋ္ဌာန်းကြရမှာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများကို ပြည်သူများအတွက် ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့နဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ဦးလည်မသုန် ကြိုးပမ်း ဆောင်ရွက်ကြပါစို့လို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)**

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြှင့်မားစေရေး ဆောင်ရွက်ခြင်း။



# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မိန့်ခွန်းပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒုတိယ(၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအစီရင်ခံလိုပါတယ်။

## မူဝါဒ

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေး၊ ပြည်သူများ၏လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး စသည့်မူဝါဒများကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

## ရည်မှန်းချက်

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်နယ် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်မှန်းချက်ထား၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

## စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

ရှမ်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ မတ်လကုန် အထိ စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေးနှင့် တိုးတက်မှုနှုန်းအခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို (နှစ်အလိုက်ဈေးနှုန်းများအရ) ကျပ် (၅,၄၂၂,၁၁၀. ၅)သန်း အကောင်အထည်ဖော်ရန်နှင့် (ပုံမှန်ဈေးနှုန်းများအရ) (၅. ၈)ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန်အထိ ရှမ်းပြည်နယ်၏

စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (နှစ်အလိုက် apşEbft &) ကျပ် (၅,၂၈၂,၀၉၄. ၀) သန်း ရရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် (၉၇. ၄)ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်မည်ဖြစ်ပြီး (ပုံမှန်ဈေးနှုန်းများ အရ) (၆. ၀)ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

နိုင်ငံရေးကဏ္ဍဆောင်ရွက်မှု

ရှမ်းပြည်နယ်အတွင်း NCA လက်မှတ်ရေးထိုးထားရှိပြီးတဲ့ အဖွဲ့အစည်းများမှာ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA)နှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)တို့ရှိပြီး (NCA)လက်မှတ်ရေး ထိုးထားခြင်း မရှိသည့် လက်နက်ကိုင်အဖွဲ့ (၆)ဖွဲ့ရှိတဲ့အတွက် ရှမ်းပြည်နယ်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMCS)ကို အစိုးရကိုယ်စားလှယ်(၅)ဦး၊ တိုင်းရင်းသားကိုယ်စားလှယ်(၅)ဦး၊ အရပ်သားကိုယ်စားလှယ် (၄)ဦး၊ စုစုပေါင်း(၁၄)ဦးဖြင့် ဖွဲ့စည်းထားရှိပြီး အဆိုပါကော်မတီ၏ အစည်းအဝေးများအား ၂၇-၁-၂၀၁၆ ရက်မှ ၁၆-၅-၂၀၁၈ရက် ထိ စုစုပေါင်း (၁၅)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ အစည်းအဝေးများတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ညှိနှိုင်းဆွေးနွေးဖြေရှင်းရမည့် ဆွေးနွေးချက်များအား ဝိုင်းဝန်းဆွေးနွေးခြင်း၊ သဘောတူစာချုပ်ပါအချက်များအား ဖောက်ဖျက်ရာရောက်သည့် ကိစ္စရပ်များအပေါ် ကန့်ကွက်ပြောကြားခြင်းများအား ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု

ရှမ်းပြည်နယ်အတွင်း ၁၈-၅-၂၀၁၈ ရက်နေ့အထိ အမှုကြီး(၁၀)မျိုးအနေဖြင့် (၁၇၆)မှု ဖြစ်ပွားခဲ့မှုအပေါ် (၁၃၉)မှုအား တရားစွဲဆိုနိုင်ခဲ့ပြီး (၇)မှု ပိတ်သိမ်း၍ အမှုလက်ကျန်(၃၀)မှုမှာ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ အခြားအမှု (၁၀)မျိုးအနေနဲ့ (၂၂၄၅)မှုဖြစ်ပွားခဲ့မှုအပေါ် (၁၃၉၄)မှု တရားစွဲဆိုနိုင်ခဲ့ပြီး (၁၃၃)မှု ပိတ်သိမ်း၍ အမှုလက်ကျန် (၇၁၈)မှု ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကြိုတင်ကာကွယ်မှု (၁၀)မျိုးအနေနဲ့ (၂၄၇၀)မှု ဖြစ်ပွားခဲ့မှုအပေါ် (၂၃၁၄)မှု တရားစွဲ ဆိုနိုင်ခဲ့ပြီး (၇)မှု ပိတ်သိမ်း၍ အမှုလက်ကျန် (၁၄၉)မှုမှာ ဆောင်ရွက်ဆဲဖြစ်ပါတယ်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး

တောင်သူများအား မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးစေရန် ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ စိုက်ပျိုးရာသီတွင် မျိုးစေ့ထုတ်လုပ်သူများအသင်း (Seed Grower Association)များ ဖွဲ့စည်း၍ မျိုးများကို တိုးတက်ထုတ်လုပ်ခဲ့ရာ (၂၇၂၇) ဧကအထိ တိုးတက်ထုတ်လုပ် နိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ (၃၁၀၄)ဧကထိ တိုးတက်ထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး တောင်သူများ ကြိုက်နှစ်သက်သည့် ဈေးကွက်ရှိသော ပုလဲသွယ်၊ ရွှေရင်အေးစပါးမျိုးများ၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲစဉ်းငုံသီးနှံတို့ကို မျိုးစေ့ ထုတ်လုပ်ခဲ့ပါတယ်။ မျိုးစေ့ထုတ်ရာတွင် မျိုးစေ့ထုတ်လုပ်သူများ အသင်း၊ ခြံများ၊ အကျိုးဆောင်တောင်သူများကို အခြေခံပြီး ဆောင်ရွက်ခဲ့ပါတယ်။ သီးနှံအလိုက် စပါး(၁၃၉၈)ဧက၊ အစေ့ထုတ်ပြောင်း (၃၁၆)ဧက၊ နေကြာ(၁၇၃)ဧက၊ ပဲစဉ်းငုံ (၂၉၅)ဧကနှင့် မြေပဲ(၁၃)ဧက မျိုးကောင်းမျိုးသန့်မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။

ကုန်းမြင့် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း

တောင်သူလယ်သမားများအနေဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိ နိုင်စေရန် ရည်ရွယ်၍ ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းများကို၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၁) ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးရုံး(လားရှိုးမြို့)အနေနဲ့ ကွတ်ခိုင်မြို့နယ်၊ လွယ်ခမ်းကျေးရွာအုပ်စု၊ ဘန်လွေ(ဆွတ်ရိန်) ကျေးရွာတွင် ကုန်းမြင့်လယ်ယာမြေဧက(၂၀၀)၊ အမှတ်(၂) ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးရုံး (ကျိုင်းတုံမြို့)အနေဖြင့် ကျိုင်းတုံမြို့၊ ဖာတ/မိုင်းနော့ကျေးရွာအုပ်စု၊ ဖာတ/မိုင်နော့ကျေးရွာတွင် ကုန်းမြင့်လယ်ယာမြေဧက(၂၀၀)နှင့် အမှတ်(၄)ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးရုံး (တောင်ကြီးမြို့)အနေဖြင့် ဖယ်ခုံမြို့နယ်၊ ခေါင်အိမ်ကျေးရွာအုပ်စု၊ ကောင်းဝှက်ကျေးရွာတွင် ကုန်းမြင့်လယ်ယာမြေ

ဧက(၂၀၀)အားလည်းကောင်း၊ စုစုပေါင်း ဧက (၆၀၀)ကို ၄၁နအစီအစဉ်ဖြင့် အကျိုးပြုဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို ပုဂ္ဂလိက တင်ဒါစနစ်ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့နယ်၊ ဖန်ဖုကျေးရွာအုပ်စု၊ မယ်နားကျေးရွာတွင် ဧက(၅၀)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ လွယ်လမ်းကျေးရွာအုပ်စု၊ ဟွေ့ခတ်ကျေးရွာတွင် (၆၅)ဧကနှင့် မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့နယ်၊ ဝမ်ကောင်းကျေးရွာအုပ်စု၊ ပုံတက်ကျေးရွာတွင် (၈၅)ဧက၊ စုစုပေါင်းဧက(၂၀၀)ကို ဒေသနေ တိုင်းရင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## မွေးမြူရေးကဏ္ဍ

ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်(၁)၊ ရှမ်းရိုးမမွေးမြူရေးဇုန်(၂)နှင့် ကျောက်မဲမွေးမြူရေးဇုန်(၃)ဇုန်မြေဧရိယာ ဧက(၁၀၀၇. ၆၇)ဧကတို့တွင် ကြက်ကောင်ရေ (၁၂၂၅၄၀၀) ကောင်၊ တစ်ရက် ကြက်ဥထုတ်လုပ်နိုင်မှုမှာ (၇၇၃၀၀၀)လုံးဖြစ်ပြီး ဒေသတွင်းနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များဖြစ်သည့် ရန်ကုန်၊ မကွေး၊ မန္တလေး၊ ပဲခူး၊ ရခိုင်၊ မွန်၊ ကယား၊ နေပြည်တော်ဒေသများသို့ တင်ပို့လျက်ရှိပါတယ်။

ဒေသခံနွားများအား မေထုန်မဲ့သားစပ် ဆောင်ရွက်ခြင်းဖြင့် မျိုးကောင်းမျိုးသန့်နွားမျိုးများ ဖြစ်လာရေးဆောင်ရွက်ရာမှာ ၂၀၁၇-၂၀၁၈ခု မတ်လထိ (၄၈၇)ကောင်သားစပ်ပေးနိုင်ခဲ့ပြီး စမ်းသပ်ဖီးရှိကောင်ရေမှာ (၁၇၅)ကောင်နှင့်ပေါက်ဖွားပြီးကောင်ရေမှာ(၁၄၁)ကောင် ဖြစ်ပါသဖြင့် ယခင်နှစ်ထက် သားစပ်ကောင်ရေ (၁၅၃)ကောင်နှင့် သားပေါက်ကောင်ရေ(၂၁၈)ကောင် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေထုန်မဲ့ သားစပ်ဇုန်နယ်မြေများကိုလည်း တိုးချဲ့သတ်မှတ်နိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇-၂၀၁၈ခုနှစ်အတွင်း တောင်ကြီး၊ မူဆယ်၊ လွိုင်လင်နှင့် လားရှိုးမြို့နယ်တို့တွင် နို့ပြုပြင်ထုတ်လုပ်ရေးအလုပ်ရုံ ဆောက်လုပ်၍ နို့ပေါင်းစက်များ လည်ပတ်ကာ စာသင်ကျောင်း (၂၇) ကျောင်းရှိ ကျောင်းနေအရွယ်ကလေးငယ် (၃၀၄၃၇)ဦးအား နို့တိုက်ကျွေး နိုင်ခဲ့ပါတယ်။

## မြေယာကဏ္ဍ

ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ ယခင်အစိုးရလက်ထက် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ အစီရင်ခံစာအပိုင်း(၁)မှ (၁၈)အထိ အမှုကိစ္စပေါင်း၂၃၃၃ မှုရှိပြီး ၂၃၂၆ မှုကို ဖြေရှင်းပေးနိုင်ခဲ့ပြီး ၇ မှုသာကျန်ရှိပါကြောင်း၊ ယခင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီရဲ့ (တိုက်ရိုက်တိုင်ကြားစာ)များအပေါ် စိစစ်ပေးရန် အမှုကိစ္စပေါင်း ၂၂၅ မှုရှိပြီး ၁၃၇ မှု ဖြေရှင်းနိုင်ခဲ့ပြီး ၈၈ မှုသာ ကျန်ရှိနေပါတယ်။ ယခု လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကာလ တင်ပြတိုင်ကြားလာသည့် အမှုကိစ္စပေါင်း ၄၅၉ မှုရှိပြီး ၃၂၃ မှု ဖြေရှင်းပေးနိုင်ခဲ့ကာ ၁၃၆မှု ကျန်ရှိပါကြောင်း၊ စိစစ်ပြီး အမှုပေါင်း ၂၇၈၆ မှု အနက်မှ အမှုပေါင်း ၅၁၃ ကို ယခုအစိုးရလက်ထက်(၁)နှစ်တာကာလအတွင်းတွင် စိစစ်ဖြေရှင်းပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်အမှုပေါင်း ၂၃၁ မှုကိုလည်း အမြန်ဆုံးပြီးပြတ်စေရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကာလမှာ ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧရိယာ ၃၀၂၇၃. ၉၄၆ ဧကရှိပြီး စိုက်ပျိုးမြေဧရိယာ ၉၄၁၆. ၂၁၇ ဧကနှင့် အခြားမြေဧရိယာ ၁၉၇၆၉. ၂၅၀ ဧကကို တောင်သူ ၂၅၃၄ ဦးသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်စွန့်လွှတ်မြေ ၁၀၈၈. ၄၇၉ ဧကကိုလည်း သက်ဆိုင်ရာတောင်သူများလက်ဝယ်သို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၁-၁-၂၀၁၃ ရက်နေ့မှစတင်ပြီး ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးရန် လျာထားသည့်လုပ်ငန်း ပဏာမအနေဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း ၁၃၁၆ အုပ်စု၊ ကွင်းအကွက်ပေါင်း ၇၄၁၂ ကွင်း၊ တောင်သူပေါင်း ၆၉၈၃၁၄ ဦး၊ ဦးပိုင်ပေါင်း ၈၈၃၄၄၅ ဦးပိုင်၊ ဧရိယာပေါင်း ၂၇၉၃၅၂၆ ဧက၊ လျာထားဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၁၈ရက်နေ့ အထိ ပြီးစီးမှု အနေဖြင့် တောင်သူပေါင်း ၃၂၃၀၁၆ ဦး၊ ဦးပိုင်ပေါင်း ၄၁၈၇၇၈ ဦးပိုင်၊

ဧရိယာပေါင်း ၁၀၉၇၀၄၃ ဧကကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိအစိုးရလက်ထက် (၁)နှစ် တာကာလအတွင်း၌ တောင်သူပေါင်း ၁၉၀၂၅ ဦး၊ ဦးပိုင်ပေါင်း ၂၇၁၅၂ ဦးပိုင်၊ ဧရိယာပေါင်း ၇၂၅၃၁ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇) ထုတ်ပေးနိုင်ခဲ့ပါတယ်။

သစ်တောကဏ္ဍ

သစ်တောကဏ္ဍကို ကျွန်တော် အစီရင်ခံရမည်ဆိုလျှင် သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းအရ နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ရှမ်းပြည်နယ်အတွင်း စီးပွားရေးစိုက်ခင်းဧက ၇၇၅၊ ရေဝေရေလဲ စိုက်ခင်းဧက ၇၂၀၊ သဘာဝတောတန်းဖိုးမြှင့်စိုက်ပျိုးခြင်းဧက ၈၆၀၊ စုစုပေါင်း ၂၀၂၀ ဧကအားရန်ပုံငွေကျပ် ၆၇. ၀၁၄သန်းဖြင့် စိုက်ပျိုးခဲ့ပြီး (၉၃. ၁၁) ရာခိုင်နှုန်း ရှင်သန်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒေသဖွံ့ဖြိုးရေးကဏ္ဍ

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ခရိုင် (၁၂)ခု၊ မြို့နယ် (၄၉)မြို့နယ်၌ လုပ်ငန်းပေါင်း(၄၉)ခုအားရန်ပုံငွေကျပ် ၈၉၆. ၀၆၂ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းအိမ်ရာများကို မြို့ပေါင်း (၁၄)မြို့ တွင် တိုက်ပေါင်း(၂၃)လုံး၊ အခန်းပေါင်း (၃၂၄)ခန်းကို ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့ပြဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်စည်ပင်သာယာရေးဌာနလက်အောက်မှာရှိတဲ့ မြို့နယ်/ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများအနေဖြင့် လမ်း/ တံတား/ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ငွေကျပ် ၀,၉၂၅. ၂၁၃၉ သန်းဖြင့် ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ ကွန်ကရစ်လမ်း စုစုပေါင်းလမ်းအရှည် ၁၄၂မိုင် ၇. ၃၉၃ဖာလုံ ကိုလည်းကောင်း၊ ငွေကျပ် ၁,၈၃၂. ၈၉၇၀၈ သန်းနှင့် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတား၊ စုစုပေါင်းတံတား ၅၆၀ စင်းကိုလည်းကောင်း၊ ငွေကျပ် ၁,၇၅၃. ၉၁၃၀၂ သန်းနဲ့ ရေပေးရေးလုပ်ငန်း ၂၀၅ခု ကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်း ၁၂ မိုင် ၄. ၁၅ ဖာလုံ၊ ကျောက်ချောလမ်း ၁၇မိုင် ၅. ၇၁ဖာလုံနှင့် မြေသားလမ်း ၂၀၄ မိုင် ၄ ဖာလုံ လမ်းမိုင်စုစုပေါင်း ၂၃၅ မိုင် ၁. ၈၆ ဖာလုံ တို့အားခွင့်ပြုရန်ပုံငွေကျပ် ၉,၅၁၁. ३၉၅ သန်းဖြင့် လည်းကောင်း၊ ကွန်ကရစ်တံတား ၂၈ စင်း ၉၇၅ ပေ၊ သစ်သားတံတား ၂ စင်း ၁၃၀ ပေနှင့် Box Culvert ၁၃၁ စင်း ၆၄၇ ပေ၊ တံတားလုပ်ငန်း စုစုပေါင်း ၁၆၁ စင်း ၁၇၅၂ ပေတို့အား ခွင့်ပြုရန်ပုံငွေကျပ် ၂,၁၉၃. ၁၅၃ သန်းဖြင့် လည်းကောင်း၊ လမ်း၊ တံတား သာမန်ပြင်ဆင်ထိန်းသိမ်း ခြင်းလုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေ ကျပ်၁,၄၆၉. ၇၅၅သန်း ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ခဲ့ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေး လုပ်ငန်းနှင့်ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းတံတား လုပ်ငန်းများ ကျောက်လမ်း ၃ လမ်း၊ မြေလမ်း ၅ လမ်း၊ စုစုပေါင်း ၈ လမ်း၊ ကွန်ကရစ်တံတား ၇ စင်း နှင့် အခြားတံတား ၂၉စင်း စုစုပေါင်း ၃၆ စင်းအား ခွင့်ပြုရန်ပုံ ငွေကျပ် ၉၂၃. ၀၁၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှု အနေဖြင့် တွင်းတိမ်၁၂ တွင်း ၊ တွင်းနက်၂၀ တွင်း၊ လက်တူးတွင်း ၃ တွင်း၊ မြေသားရေကန် ၉ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၁၀၃ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၁၁၆ ခု၊ စုစုပေါင်းလုပ်ငန်း ၂၆၃ ခု တို့ကို ခွင့်ပြုငွေကျပ် ၂,၇၈၂. ၉၇၇သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျေးလက်အိမ်ရာများအနေဖြင့် ပညာရေးဝန်ထမ်းများအတွက် အိမ်ရာကျေးရွာပေါင်း ၇၀ ရွာတွင် ၇၃ လုံး၊ စစ်ဘေးရှောင်ပြည်သူများအတွက် အိမ်ရာ ကျေးရွာပေါင်း ၅ ရွာတွင် ၂၇ လုံး စုစုပေါင်း အိမ်ရာ ၁၀၀ လုံးအား ခွင့်ပြုငွေကျပ် ၄၅၀ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၎င်းအပြင် ကျေးလက်လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ရှမ်းပြည်နယ်အတွင်း မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ယူနစ်ပေါင်း

၂၈၅ယူနစ်၊ ကျေးရွာပေါင်း ၄၇၈ရွာအတွက် ကော်မတီဖွဲ့စည်းခြင်းနှင့် ချေးငွေဖြင့် လုပ်ငန်းများ လည်ပတ် လုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။

လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံ ငွေကျပ် ၁၂၁,၄၀၂. ၈၅ သန်း ဖြင့် ကတ္တရာကွန်ကရစ်(AC)လမ်းခင်းခြင်း ၇ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၁၈၆ မိုင် ၅ ဖာလုံ၊ ကွန်ကရစ် လမ်းသစ်ခင်းခြင်း ၃မိုင် ၇ဖာလုံ၊ ၃၀ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၀မိုင် ၆ဖာလုံ၊၂၃ ပေ အကျယ် ကတ္တရာလမ်းချဲ့ ခြင်း ၂၁မိုင် ၅ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁၄၄ မိုင် ၃ဖာလုံ ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းနိမ့်မြင့်ညှိ၍ ရေပိတ်လွှာ လောင်းခြင်း ၁၂၄မိုင် ၁ဖာလုံ၊ ကျောက်လမ်းခင်းခြင်း/ အမာခံလမ်းခင်းခြင်း၁၂၃မိုင် ၅ဖာလုံ၊ မြေသားတာဘောင်ချဲ့ခြင်းနှင့် ကျောက်တောင်မိုင်းခွဲလမ်းချဲ့ခြင်း ၂၆၈မိုင် ၅ဖာလုံ၊ သံကူကွန်ကရစ်တံတား/ ရေပြွန်တည်ဆောက်ခြင်း ၈၉၄ စင်း၊ ကျောက်စီရေမြောင်း/မြေကာနံရံ တည်ဆောက်ခြင်း ၁၅၄၉၀၃ ပေ တည်ဆောက်ခြင်းနှင့် အခြားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအပြင် နိုင်ငံတကာကူညီထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟန်မြင့်မိုရ် - မြို့ကြီး- ရွာငံ-အောင်ပန်းလမ်းတွင် မြေသားတာဘောင်ချဲ့ခြင်း ၂၁ မိုင် ၇ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၉ မိုင် ၅ ဖာလုံ၊ ဒု-အခြေခံ လွှာခင်းခြင်း ၁၂ မိုင် ၂ ဖာလုံ၊ ၅၀ ပေအောက် တံတား တည်ဆောက်ခြင်း(၁)စင်း၊ Box Culvert တည်ဆောက်ခြင်း ၃၀ စင်း၊ ကျောက်စီရေမြောင်းနှင့် မြေသားရေမြောင်းတည်ဆောက်ခြင်း ၂၂၄၃၀ ပေ၊ ကွန်ကရစ် ရေမြောင်းဖုံးတည်ဆောက် ခြင်း ၄၉၄၇ ပေ၊ Fiber Optic Cable ရွှေ့ပြောင်းတပ်ဆင်ခြင်း ၂၅၈၈၀ ပေ စသည့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား Regional Development For Poverty Reduction Phase I (ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသဖွံ့ဖြိုးမှုစီမံကိန်း(အဆင့်-၁) JICA ODA Loan Project ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးမှုကောင်းမွန်ရေးနှင့် ကျေးရွာများ လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ဘတ်ဂျက်မှ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ခွဲရုံ(၁)ရုံ တိုးချဲ့တည်ဆောက်ခြင်း၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ၂ လုံး၊ ၂၀ အမ်ဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် အခြားအစားထိုး လဲလှယ်တည်ဆောက်ခြင်းတို့အတွက် ကျပ် ၇,၃၀၉. ၀၂၆ သန်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေမှ ဓါတ်အား ဖြန့်ဖြူးမှုကောင်းမွန်ရေး (System Improvement) အတွက် ကျပ်၇,၉၇၂. ၀၂၇သန်း၊ ကျေးရွာ မီးလင်းရေး လုပ်ငန်းအတွက် ကျပ် ၁၂,၅၉၁. ၂၀၀သန်း နှင့် မြို့ပြလုပ်ငန်းအတွက် ကျပ် ၅၆၀. ၁၅၀သန်း စုစုပေါင်း ကျပ်၂၁,၁၂၃. ၃၇၇သန်းဖြင့် ၁၁ ကေဗွီလိုင်း ၂၄၅. ၈၄၀ မိုင်၊ ၄၀၀ ဗို့လိုင်း ၁၆၉. ၇၄၀ မိုင် နှင့် ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာ ၁၈၂ လုံး၊ ၂၈၅၂၅ ကေဗွီအေတိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄,၁၂၇. ၆၉၄ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁,၇၀၁. ၁၂၁ သန်း၊ စုစုပေါင်းကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၅,၈၂၈. ၈၁၅ သန်းကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၄. ၇၃၃ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၇. ၅၅၆ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၉၀. ၂၈၉ သန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၂၄. ၉၃၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄၇. ၁၅၆ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇၂. ၀၉၁ သန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၄ ခု အတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၂၁၁,၄၆၉. ၅၀၄ သန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၅ ခုအတွက် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇. ၄၀၈ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ

ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဆောင်ရွက်ချက်အနေဖြင့် တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် လမ်းကြောင်းခရီးစဉ်တွင် Permission Tour များသွားလာနိုင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဟိုတယ်ဆိုင်ရာ သင်တန်း ၄ မျိုးအား ၃၇ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၄၈၅ ဦး တက်ရောက်ခဲ့ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အရှေ့ဘက်ခြမ်းတောင်တန်းပေါ်ရှိ ပအိုဝ်းကျေးရွာ (၄)ရွာအား "ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း" CBT အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြင့် ၎င်းကျေးရွာများ အနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့ခြင်းအား ကာကွယ်နိုင်ရန် နှင့် ကျေးရွာရှိ လူငယ် ၅၀ ဦးခန့်အား ရပ်ရွာတွင် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ ခရီးစဉ်အသစ်အဖြစ် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းကဏ္ဍ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းကာလတို သင်တန်း ၇ မျိုးအား ၄၁ ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃ မျိုးအတွက် လုပ်ငန်းရှင် (၁၉၅)ဦးကို လုပ်ငန်းမှတ်ပုံတင်ပြုလုပ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထူးချွန်ဆုအပ်နှင်းခြင်းကိစ္စရပ်များ

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်း စွမ်းစွမ်းတမံ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအား စီမံထူးချွန်ဆု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု၊ စီးပွားထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ထူးချွန်ဆုများအား အောက်ပါအတိုင်းပေးအပ်ချီးမြှင့်ခဲ့ပါတယ်-

| | | |
|---|---|---|
| (က) | စီမံထူးချွန်ဆု(ပထမအဆင့်) | ၁ဆု |
| (ခ) | စီမံထူးချွန်ဆု(ဒုတိယအဆင့်) | ၁ဆု |
| (ဂ) | စီမံထူးချွန်ဆု(တတိယအဆင့်) | ၁ဆု |
| (ဃ) | လုံခြုံရေးနှင်တရားဥပဒေ စိုးမိုးရေး ဆိုင်ရာထူးချွန်ဆု(ပထမအဆင့်) | ၁ဆု |
| (င) | လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု(ဒုတိယအဆင့်) | ၁ဆု |
| (စ) | လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ထူးချွန်ဆု(တတိယအဆင့်) | ၃ဆု |
| (ဆ) | စီးပွားထူးချွန်ဆု(တတိယအဆင့်) | ၂ဆု |
| (ဇ) | စိုက်ပျိုးထူးချွန်ဆု(တတိယအဆင့်) | ၃ဆု |
| (ဈ) | မွေးမြူထူးချွန်ဆု(တတိယအဆင့်) | ၃ဆု |
| (ည) | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ထူးချွန်ဆု(တတိယအဆင့်) | ၂ဆု |
| | စုစုပေါင်း | ၁၈ဆု |

ရှမ်းပြည်နယ်နေ့ အခမ်းအနားမှာ ပေးအပ်ခဲ့ပါတယ်။

ပညာရေးကဏ္ဍ

ရှမ်းပြည်နယ်အတွင်း ယခင်က အခြေခံပညာကျောင်းပေါင်း ၅၉၇၃ ကျောင်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အတွင်း ၆၀၉၃ ကျောင်းရှိလာသည့်အတွက် ကျောင်းပေါင်း ၁၂၀ ကျောင်းကို တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂,၇၄၅. ၀၀ သန်းဖြင့် ကျောင်းပေါင်း ၂၆၅ ကျောင်းတွင် စာသင်ကျောင်းဆောင်သစ်များကို ဆောက်လုပ်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ယခင်က ကိုယ်ပိုင်ကျောင်းများ ၅၇ ကျောင်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၈၄ ကျောင်း ဖွင့်လှစ်ခဲ့သဖြင့် ၂၇ ကျောင်း တိုးတက်ဖွင့်လှစ်ခဲ့ပါတယ်။ ဘုန်းတော်ကြီးသင်ကျောင်းများအနေဖြင့် ယခင်က ၈၅ ကျောင်းရှိခဲ့ရာမှ ယခုအခါ ၈၆ ကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့် ကျောင်းများအနေဖြင့် ယခင်က ၄၀၀ ကျောင်းရှိခဲ့ရာမှ ယခုအခါ ၅၃၂ ကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆရာ/ဆရာမ အင်အားခွင့်ပြု ၄၁၉၃၆ ဦး

အပေါ် ၃၇၃၂၁ ဦး ခန့်ထားနိုင်ခဲ့ပါတယ်။ ကျောင်းသားအင်အားစာရင်းမှာ ယခင်က ၈၁၂၆၉၇ ဦး ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၈၃၅၄၆၃ ဦး ရှိလာခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြည်နယ်အရံမှ အခမဲ့ ဗလာစာအုပ် ၄၅၃၈ ဒါဇင် ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ စာရေးစားပွဲထိုင်ခုံများ အနေဖြင့် ၇၂၂၇ စုံအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက် နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း အခြေခံစာတတ်မြောက်မှုရာခိုင်နှုန်း တိုးတက်လာစေရန်အတွက် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်တို့တွင် မြို့နယ် ၇ မြို့နယ်၊ စာသင်ဝိုင်း ၁၉၄ဝိုင်း၊ စာသင်သား ၂၆၃၅ ဦးအား ဆရာ၊ ဆရာမ ၃၈၈ ဦးက သင်ကြားပေးနိုင်ခဲ့ပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးလည်း ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အနေဖြင့် စာတတ်မြောက်မှုနှုန်းမှာ ၉၂. ၄၄ ရာခိုင်နှုန်းရှိပါတယ်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုအနေဖြင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း) စီမံကိန်းဝင် ၁၀ မြို့နယ်နှင့် (ရှမ်းမြောက်) စီမံကိန်းဝင် ၁၀ မြို့နယ်တို့တွင် နှစ်စဉ်ကျောင်းဆောင်သစ် ၁၀ ကျောင်းစီ ဆောက်လုပ်ပေးနေခဲ့ရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ၁၀ ကျောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ၁၀ ကျောင်း၊ စုစုပေါင်း ၂၀ ကျောင်းတွင် ကျောင်းဆောင်သစ်များဆောက်လုပ်ပေးခဲ့ပါတယ်။ ၎င်းကျောင်းဆောင်သစ် ၂၀ ကျောင်းတွင် စာသင်ခုံများ၊ သန့်စင်ခန်းများ၊ ရေလှောင်အုတ်ကန်များကိုလည်း ထည့်သွင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ကျန်းမာရေးကဏ္ဍ

ရှမ်းပြည်နယ်အတွင်း လူနာများဆေးရုံတက်ရောက်ကုသမှု လွယ်ကူချောမွေ့စေရေးအတွက် ခုတင် ၂၀၀ နှင့်အထက် ဆေးရုံကြီးများဖြစ်သော တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ လွိုင်လင်ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးများတွင် Reception Center များ ဖွင့်လှစ်ပြီး ဆေးလူမှုဆက်ဆံရေး အရာရှိ/ဆေးလူမှုဆက်ဆံရေးမှူးများမှ ကူညီဆောင်ရွက်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ Cobalt 60 Machineကို တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး၊ ဓါတ်ရောင်ခြည်ကုသဌာနတွင် ပညာရှင်များမှ ရောက်ရှိတပ်ဆင်ပြီး ဖြစ်ပါတယ်။ MRI 1.5 Tesla (GE - Signa Explorel) ရောဂါရှာဖွေရေးစက်ဖြင့် ၂၀၁၆ခုနှစ်၊ ဇွန်လမှ စတင်၍ ရောဂါရှာဖွေကုသပေးလျက် ရှိပါတယ်။ ကျောက်ကပ်ဝေဒနာသည်များအတွက် (H.D Machine) စက်တပ်ဆင်ပြီး ကျောက်ကပ်သန့်စင်ခြင်း လုပ်ငန်းကို ၂၀၁၆ ခုနှစ်၊ မေလမှ စတင်၍ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွိုင်လင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွင် CT Machine အတွက် အဆောက်အဦ ဆောက်လုပ်ပြီး စက်တပ်ဆင်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အဦများ အသစ်ဆောက်လုပ်ခွင့်ရရှိသဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကျန်းမာရေး ဝန်ထမ်းများ ပိုမိုခန့်ထားပေးနိုင်ခဲ့သဖြင့် ဆရာဝန်နှင့် လူနာအချိုး (၁း၁၁၂၄၄)ဖြင့်လည်းကောင်း၊ သူနာပြုနှင့် လူနာအချိုး (၁း၂၈၉၄)ဖြင့်လည်းကောင်း၊ သားဖွားဆရာမနှင့် လူနာအချိုး (၁း၃၈၉၃)ဖြင့်လည်းကောင်း ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပြည်သူလူထုကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။

တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံတွင် OT Complex ပါ(၅)ထပ် အဆောက်အဦ ဆောက်လုပ်ခြင်း၊ ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းနှင့်အခြားဆက်စပ်လုပ်ငန်းများကို ၂၂-၁၂-၂၀၁၆ ရက်နေ့မှစ၍ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ ရန်ပုံငွေကျပ် ၅၂၅ သန်းဖြင့် ဆောက်လုပ်ခဲ့ရာ ၁၀၀ % ပြီးစီးခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၇၀၀ ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ ၅၅% ပြီးစီးခဲ့ပါတယ်။

တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ကျပ်သန်း ၇၀၀ ဖြင့် R.C (၄)ထပ်ဆောင် (၂၀၀×၇၅)'ဆောက်လုပ်ခဲ့ရာ လုပ်ငန်း၏ ၁၀၀ % ပြီးစီးခဲ့ပြီး ၂၀၁၈-၂၀၁၉(Mini Budget)တွင် ကျပ်သန်း ၁၀၀၀ ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ ၁၀% ပြီးစီးပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများမှာ ယခင်က ၁၆၁ ရုံသာရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၆၆ ရုံထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ဆရာဝန် ၅၂၆ ဦး၊ သွားဆရာဝန် ၉၆ ဦး၊ သူနာပြု ၂၀၁၂ ဦး၊ ကျန်းမာရေးမှူး ၂၃၃ ဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမ ၂၃၀ ဦး၊ သားဖွားဆရာမ ၁၄၆၁ ဦးထိ ခန့်ထားပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆေးဝါးများ ဝယ်ယူရန် ရန်ပုံငွေရရှိမှုအနေဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအတွက် ကျပ် ၂,၃၉၃. ၇၂၉ သန်း၊ ကုသရေး ဦးစီးဌာနအတွက် ကျပ် ၇,၅၄၂. ၀၉သန်း ခွဲဝေရရှိခဲ့ပါတယ်။ တိုင်းရင်းဆေးရုံများအနေဖြင့် ပြည်နယ်ဦးစီးမှူး ရုံးတစ်ရုံး၊ ၅၀ ခုတင်ဆံ့ ဆေးရုံ (၁)ရုံ၊ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(၁)ရုံ ဖွင့်လှစ်ထားရှိပြီး ခရိုင်တိုင်းရင်းဆေးကုဌာနများအနေဖြင့် တောင်ကြီး၊ လွိုင်လင်၊ ကျိုင်းတုံ၊ လားရှိုးမြို့တို့၌ ဖွင့်လှစ်ထားရှိပါတယ်။

ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် အသက် ၉၀ နှင့် အထက် အဘိုး၊ အဘွားများကို တစ်လလျှင် တစ်ဦးကို ၁၅,၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ အသက်(၁၀၀)နှင့် အထက် အဘိုး/အဘွား တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အဘိုး၊ အဘွား ၆၄၈၆ ဦးကို စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၉,၄၅၈ သိန်းဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လာမည့်နှစ်များတွင်လည်း ရှမ်းပြည်နယ်ပြည်သူလူထုအတွက် လူမှုစီးပွားဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးတို့အား ရှမ်းပြည်နယ်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်အတူ လက်တွဲပူးပေါင်း၍ ပိုမိုကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။



အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌမှ ခွင့်ပန်ကြားနေစဉ်



အစည်းအဝေးသို့ လာရောက်လေ့လာသူများအား တွေ့ရစဉ်



မီဒီယာများမှ မီဒီယာခန်းတွင် လာရောက်သတင်းယူနေစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၉)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၆၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါက်တာဝဏ္ဏစိုးက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဆန်းဝင်းအောင်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဝင်းအောင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်မေရီရှို့က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း




ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံမှ ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည်-

ပြည်ထောင်စုဘဏ္ဍာငွေ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်တဲ့ နေရာမှာ ယခု ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များရဲ့ လိုငွေဖြည့်ဆည်းခြင်း၊ ထောက်ပံ့ပေးတဲ့ ပမာဏကို တိုင်းဒေသကြီး/ ပြည်နယ်များရဲ့ စုစုပေါင်း လူဦးရေ၊ ဆင်းရဲမှုညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေ၊ မြို့ပြလူဦးရေအချိုးနှင့် တစ်ဦးကျအခွန်ကောက်ခံရရှိမှု တစ်ဦးစီရဲ့ ပျှမ်းမျှအသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး စသည့် ညွှန်းကိန်း(၆)ခုနဲ့ ချိန်တိုးတွက်ချက်ပြီးတော့ ပြည်ထောင်စုကနေ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြည်ထောင်စုထောက်ပံ့ငွေများကို လျာထားပေးခဲ့တာဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) ဘတ်ဂျက်လိုငွေအတွက် ဖြည့်ဆည်းစာရင်းမှာ ကျပ်(၂၂၄,၀၉၀. ၇၈၂)သန်း

(ခ) ပြည်ထောင်စုကနေ ခွဲဝေပေးတဲ့အခွန်ဝေစုမှာ ကျပ်(၁၁,၈၁၃. ၀၉၃)သန်း

(ဂ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်(၅,၅၀၀. ၀၀၀)သန်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာငွေရသုံးခန့်မှန်းခြေငွေစာရင်းများကို အထက်ပါမူများနှင့်အညီ ရေးဆွဲပြီးတော့ ၂၄-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး ထောက်ခံချက်ဖြင့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းရဲ့ အတည်ပြုချက်ရယူပြီးတော့ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြနိုင်ရေးအတွက် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အချိန်မီ ပေးပို့နိုင်ဖို့အတွက် ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ၄၅,၄၂၀. ၉၁၄ သန်းဖြစ်ပြီးတော့ အသုံးစရိတ်တွင် ၁၀၃,၇၃၆. ၈၈၃ သန်း၊ လိုငွေအနေနဲ့ဆိုရင်

ကျပ်သန်းပေါင်း ၅၈,၃၁၅. ၉၆၉ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအနေနဲ့ အသုံးစရိတ်မှာ ဆိုရင် ၁၆၅,၇၇၄. ၈၁၃ သန်းဖြစ်ပြီးတော့ လိုငွေအနေနဲ့ ကျပ်သန်း ပေါင်း ၁၆၅,၇၇၄. ၈၁၃ သန်းဖြစ်ပါတယ်။ စုစုပေါင်း ရငွေအနေနဲ့ဆိုရင် ကျပ်သန်းပေါင်း ၄၅,၄၂၀. ၉၁၄ သန်းဖြစ်ပြီး၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၆၉,၅၁၁. ၆၉၆ သန်းဖြစ်ပါတယ်။ လိုငွေအနေနဲ့ကတော့ ကျပ်သန်းပေါင်း ၂၂၄,၀၉၀. ၇၈၂ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း အနေနဲ့ကတော့ အနည်းအကျဉ်းတင်ပြသွားမှာဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းအဝေးမှာ ရငွေအနေနဲ့ ၂၅,၅၅၀. ၉၀၈ သန်း၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၆၇,၄၃၉. ၅၁၈ သန်း ဖြစ်ပြီးတော့ လိုငွေအနေနဲ့ ကျပ်သန်းပေါင်း ၄၁,၈၈၈. ၆၁၀ သန်း ဖြစ်ပါတယ်။ ဝန်ကြီးဌာန/ဦးစီးဌာနအနေနဲ့ဆိုရင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၂,၁၁၄. ၈၁၆ သန်းဖြစ်ပြီးတော့ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၁၆၃,၆၇၀. ၂၃၃ သန်းဖြစ်ပါတယ်။ လိုငွေအနေနဲ့ကတော့ ကျပ်သန်းပေါင်း ၁၆၁,၅၅၅. ၄၁၇ သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် ရရှိငွေမှာ ကျပ်သန်းပေါင်း ၄၀၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၁၉,၇၆၉. ၉၇၄ သန်း၊ လိုငွေအနေနဲ့ ကျပ်သန်းပေါင်း ၁၉,၇၂၉. ၉၇၄ သန်းဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ရငွေမှာဆိုရင် ကျပ်သန်းပေါင်း ၁၇,၇၁၅. ၁၉၀ သန်း ဖြစ်ပြီးတော့ အသုံးစရိတ်အနေနဲ့ကျပ်သန်းပေါင်း ၁၈,၆၁၂. ၀၉၀ သန်း ဖြစ်ပြီး လိုငွေအနေနဲ့ ကျပ်သန်းပေါင်း ၈၉၆. ၉ သန်း ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်းရငွေနဲ့ ပြောရမယ်ဆိုရင် ကျပ်သန်းပေါင်း ၄၅,၄၂၀. ၉၁၄သန်း ဖြစ်ပြီးတော့ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၆၉,၅၁၁. ၆၉၆သန်း ဖြစ်ပါတယ်။ လိုငွေအနေနဲ့တော့ ကျပ်သန်းပေါင်း ၂၂၄,၀၉၀. ၇၈၂သန်း ဖြစ်ပါတယ်။ ကျန်တဲ့ဌာနဆိုင်ရာအသီးသီးရဲ့ ခန့်မှန်းလျာထားတဲ့ အသုံးစရိတ်များ အသီးသီးကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ အသေးစိတ်ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ် တင်ပြရမယ် ဆိုရင်တော့ ကျွန်တော်တို့ရဲ့ဘတ်ဂျက်လျာထားမှုကို သာမန်အသုံးစရိတ်မှာဆိုရင် ၃-၄-၂၀၁၈ရက်နေ့မှ ၅-၄-၂၀၁၈ ရက်နေ့အထိ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနဆိုင်ရာအသီးသီးရဲ့ သာမန်အသုံးစရိတ်များကို စိစစ်ခဲ့ပါတယ်။ ၁၀-၅-၂၀၁၈ ရက်နေ့တွင် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီး ဥက္ကဋ္ဌများနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်တဲ့ အဖွဲ့အစည်းအကြီးအကဲများနဲ့ ဒေသအတွင်းမှာ လိုအပ်နေတဲ့ ပြည်သူတွေရဲ့ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်း စိစစ်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ၂၂-၅-၂၀၁၈ ရက်နေ့မှာတော့ ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဝင်များနဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်တဲ့ ဌာန/အဖွဲ့ အစည်းများအကြီးအကဲများနဲ့အတူ ငွေလုံးငွေရင်းတွေကို ထပ်မံစိစစ်ပြီးတော့ လိုအပ်တဲ့နေရာတွေမှာ ထပ်ပြီးတော့ ထည့်သွင်း၍ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေနဲ့ လစာနဲ့ စရိတ်ချီးမြှင့်ငွေမှာ ရာခိုင်နှုန်းအားဖြင့် ဖော်ပြရရင်တော့ (၃၈. ၃၁%)၊ ထောက်ပံ့ငွေ အသုံးစရိတ်ဟာ (၅. ၃၂%)ဖြစ်ပြီး၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် (၅၆. ၃၇%) သုံးစွဲထားတာ တွေ့ရှိရပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းမှာ (၉. ၃၃%)၊ စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်နဲ့ အခြားလုပ်ငန်းမှာ သုံးစွဲရန် (၁. ၆၀%)နဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ရာ (၈၉. ၀၇%) အသီးသီး လျာထားပါ တယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာန/အဖွဲ့အစည်းများရဲ့ လစာစရိတ်နှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များ ပါဝင်တဲ့ သာမန်အသုံးစရိတ်ကို ဦးစားပေး စိစစ်တွက်ချက် ရေးဆွဲခဲ့ပြီးတော့ ကျန်ငွေများကို ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းတူးဖော်ရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် လမ်းတံတားများလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဖြည့်စွက်ဖို့အတွက် ထည့်သွင်းထားပါတယ်။ စည်ပင်သာယာရေးလုပ်ငန်းကိုလည်းပဲ ဦးစားပေး ဆောင်ရွက်ထားလျက်ရှိပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ တင်ပြထားတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာန/အဖွဲ့အစည်းများရဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒီမိုကရေစီဖော်ဆောင်ရေး**
**လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈)ကျင်းပ





ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)ကို (၁၈. ၆. ၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁၃)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

---

### ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန် တာဝန်( Mission )

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ချမ်းသာကိုယ်စိတ်မြဲပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သလိုက်ပါတယ်။ မကြာမီက ခေါ်ယူခဲ့တဲ့ ဒသမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးပြီး ယခုလို ရက်သတ္တပတ် နှစ်ပတ်အကြာမှာ ထပ်မံပြုလုပ်တဲ့ ဒီအရေးပေါ်အစည်းအဝေးကို ပင်ပန်းကြီးစွာဖြင့်အချိန်မီ တက်ရောက်လာနိုင်ကြတဲ့အတွက် ကိုယ်စားလှယ်များကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် တိုတောင်းလှတဲ့ အချိန်အတွင်းမှာ ကိုယ်စားလှယ်များကို ရအောင်ဖိတ်ကြားပေးတဲ့ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများနဲ့ အဆင့်ဆင့် တာဝန်ယူပေးသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အရေးပေါ်အစည်းအဝေး ခေါ်ယူခြင်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလမှာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ (၁)ကြိမ်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လမှာ(၁)ကြိမ်နဲ့ ယခု ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ (၁)ကြိမ်၊ စုစုပေါင်း (၃)ကြိမ် ခေါ်ယူတာဖြစ်ပါတယ်။

အစားထိုးပြောင်းလဲခန့်အပ်ခြင်းခံရတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုနိုင်ရေးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် အတည်ပြုခန့်အပ်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒီအရေးပေါ် အစည်းအဝေးကို ခေါ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၁-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၇၂၈၃ / ၅ - ၁၁၂ / အစရ(ရှမ်း) ဖြင့် ညှိနှိုင်းလာပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈နဲ့ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယခုလို အရေးပေါ်အစည်းအဝေးကို ခေါ်ယူရခြင်း ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးပေါ် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများ တင်သွင်းခြင်းကို မဆောင်ရွက်တော့ဘဲ အစားထိုးပြောင်းလဲခန့်အပ်ခြင်းခံရတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုခြင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် ခန့်အပ်နိုင်ရေးအတွက် လွှတ်တော်ရဲ့ သဘောတူချက်ရယူဖို့ ရှိပါတယ်။ နောက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ ဥပဒေကြမ်း တစ်ခုကို ရှမ်းပြည်နယ်အစိုးရက ဒီလွှတ်တော်အစည်းအဝေးမှာ တင်သွင်းဖို့ ခွင့်ပြုထားပါတယ်။

ဒသမပုံမှန်အစည်းဝေးမှာ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြံပြုချက်များကို ပေးပို့ရန် သတ်မှတ်ထားတဲ့ နောက်ဆုံးရက် မရောက်ရှိသေးတဲ့အတွက် ယင်းဥပဒေကြမ်းကိုလည်းပဲ ဒီလွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးရန် အစီအစဉ်မရှိသေးကြောင်း ပြောကြားလိုပါတယ်။

ပြည်သူလူထုအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မာအားကောင်းလာစေရေး၊ ပြည်သူလူထုအသံကို ထင်ဟပ်စေတဲ့ လွှတ်တော် ဖြစ်ရေးနှင့် ပြည်သူအားကိုးထိုက်တဲ့ ဥပဒေပြု မဏ္ဍိုင်ဖြစ်ရေးကို ဦးတည်လျက် ဥပဒေပြုရေးတာဝန်ကို ကိုယ်စွမ်းဥာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ရမယ့်တာဝန်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ဇယား(၁)နှင့် (၂)ကို လေ့လာပါက ဇယား(၁)ပါ ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဥပဒေ စုစုပေါင်း(၁၂၃)ခုရှိပြီး ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ကဏ္ဍ(၈)ရပ်ရှိပြီးတော့မှ ဥပဒေ စုစုပေါင်း (၄၁)ခု ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းဇယား(၂)ပါ နောက်ထပ် ဥပဒေ(၃၄)ခုကိုလည်းပဲ ပြင်ဆင်ဖြည့်စွက်ထားရှိထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေ တော်တော်များများကို ပြုစုရေးဆွဲ ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါတယ်။ ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသလို လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေ အပါအဝင် ဇယား(၂)ပါ ဥပဒေများကို ပြဋ္ဌာန်းဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းမှာ ယနေ့အထိ မိမိတို့ အစီအစဉ်နဲ့ ဥပဒေကြမ်း တင်သွင်းနိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကိုလည်းပဲ ကျွန်တော့်အနေနဲ့ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ (က)အရ ဖွဲ့စည်းထားသော လွှတ်တော်ရေးရာကော်မတီများဟာ မိမိတို့ရဲ့ ကော်မတီအလိုက် တင်ပြစာများ၊ တိုင်ကြားစာများကို မူတည်ပြီးတော့မှ ကွင်းဆင်းဆောင်ရွက်ပြီး နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြတာတွေရှိပါတယ်။ လွှတ်တော်ရေးရာကော်မတီများကို ဖွဲ့စည်းတဲ့နေရာမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးဌာနများကို အခြေခံပြီး ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် မိမိကော်မတီနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများကို လိုအပ်သလို ကူညီကြရမှာဖြစ်သလို အစိုးရအဖွဲ့အနေနဲ့လည်းပဲ ရေးရာကော်မတီရဲ့ ပူးပေါင်းပါဝင်မှုအားကို အခါအားလျော်စွာရယူပြီး ဆောင်ရွက်စေလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ယခုလွှတ်တော်အစည်းအဝေးကို မြန်မြန်ဆန်ဆန်ခေါ်ယူပြီး တစ်ဆက်တည်း ကျင်းပတဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မပျက်မကွက် တက်ရောက်လာကြတဲ့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ မိမိတို့ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ဟာ ဒီမိုကရေစီ ဖော်ဆောင်ရာမှာ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးမဏ္ဍိုင်များကို တတ်နိုင်သမျှ စိစစ်ထိန်းညှိကာ ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသော လွှတ်တော်ဖြစ်စေရေး ပြည်သူလူထုအားကိုးအားထားသော လွှတ်တော်ဖြစ်စေရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**လွှတ်တော်ဆောင်ပုဒ်**

ပြည်သူ့အသံ . . . .
လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ . . . .
လွှတ်တော်ဆန္ဒ
ပြည်သူတို့၏မျှော်လင့်ချက် . . . .
လွှတ်တော်ကဖော်ဆောင်ရွက်

**Hluttaw Artical**

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation,
Hluttaw's Implementation




## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မိန့်ခွန်းပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)သို့ တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ မင်္ဂလာအပေါင်း ခပြောင်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူရတဲ့ အကြောင်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၄-၆-၂၀၁၈ ရက်စွဲပါစာ အမှတ်၊ ၁၀/ ၈၀၄၄/ ၂၅/ဦး(၃)ဖြင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ကြည်း-၂၃၉၁၁၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်ကို အခြားတာဝန်ပေးအပ်ရန်ရှိပါသဖြင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆိုပါ ဝန်ကြီးအဖြစ် အစားထိုးခန့်အပ်နိုင်ရေး အတည်ပြုရွေးချယ်ထားပြီးဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ အရ ဆက်လက်ဆောင်ရွက်နိုင်ပါရန် အမည်စာရင်း ပြင်ဆင်ပေးပို့လာပါသဖြင့် မိမိတို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်သွားခဲ့သော ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနေရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းပေးပို့လာခဲ့သော ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား အတည်ပြုခန့်အပ်နိုင်ရေးအတွက် အရေးပေါ်အစည်းအဝေးအား ခေါ်ယူပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ နှင့်အညီ အတည်ပြုခန့်ထားနိုင်ရေး ကျွန်တော့်အနေဖြင့် ပြည်နယ်လွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက်ရယူ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၈) သို့ မအားလပ်သည့်ကြားမှ ဝီရိယစိုက်ထုတ် ကြိုးစားအချိန်ပေး၍တက်ရောက်လာကြသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံ့တာဝန်များနဲ့ ရှမ်းပြည်နယ်ပြည်သူလူထုအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့် ဆတက်ထမ်းပိုး ဆက်လက်ထမ်းဆောင် နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၈)တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့က ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည်-

ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်ဥပဒေ(မူကြမ်း) ပေါ်ပေါက်လာရေးအတွက် ၂၀၁၆ ခုနှစ်ကတည်းက စတင်ကြိုးပမ်းတာဖြစ်ပြီး ဥပဒေနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာနတွင် ကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေမှာ ကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ ချိတ်ဆက်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အစည်းအဝေး ပေါင်း(၆)ကြိမ် ခေါ်ယူပြီးတော့မှ ယခု ဥပဒေ(မူကြမ်း)ကို အချောသပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေ (မူကြမ်း) ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးခဲ့ကြတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေအရာရှိများ၊ ရှမ်းပြည်နယ်ရေးရာကော်မတီများမှ ကော်မတီဝင်များ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဥပဒေပညာဌာနမှ ဌာနမှူး အမှူးပြုသော ဆရာကြီး/ ဆရာမကြီးများ၊ ရှမ်းပြည်နယ်ဆက်စပ်ဌာနဆိုင်ရာများမှ ပညာရှင်ဝန်ထမ်းများ၊ ပြင်ပပညာရှင်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဒီဥပဒေ(မူကြမ်း)ပြီးတဲ့ အထိ ပင်ပန်းခံပြီးတော့မှ ကြိုးစားဆောင်ရွက်ပေးခဲ့ကြတဲ့ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ အငြိမ်းစားယူသွားတဲ့ ညွှန်ကြားရေးမှူးနဲ့ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ညွှန်ကြားရေးမှူး အမှူးပြုသော ဝန်ထမ်းများ၊ အစိုးရအဖွဲ့ ရုံးအဖွဲ့သားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြောကြားလိုပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နောက်ဆက်တွဲ ဇယား ၂ ရဲ့ ၄(င)မှာ ညွှန်းဆိုထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်ကနေ

ဒီဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အခုတင်ပြမယ့် ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရ စ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)မှာ အခန်း(၁၃)ခန်း ပါဝင်ပါတယ်။ အခန်း(၁)ကနေပြီးတော့ အခန်း(၁၃)ထိ ဖြစ်ပါတယ်။ အခန်း(၁)ကတော့ အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်ဖြစ်ပြီး ပုဒ်မ ၁ နှင့် ပုဒ်မ ၂ ဆိုပြီးတော့ ပုဒ်မ ၂ ခု ပါဝင်ပါတယ်။ ပုဒ်မ ၁ မှာ ဥပဒေကြမ်း အမည်ကို ဖော်ပြပြီးတော့ ဥပဒေ စတင် အာဏာသက်ရောက်မယ့် အချိန်ကာလကို ဖော်ပြတာ ဖြစ်ပါတယ်။ ပုဒ်မ ၂ မှာတော့ အဓိပ္ပာယ်ဖော်ပြချက်အဖြစ် ပုဒ်မခွဲ(၂၁)ခုနဲ့ အဓိပ္ပာယ်တွေကို ဖွင့်ဆို ရှင်းလင်းထား ပါတယ်။

အခန်း(၂)ကတော့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ အခန်း(၂)မှာတော့ ပုဒ်မ ၃ ဆိုပြီး ပုဒ်မ ၁ ခု သာ ပါဝင်ပြီးတော့ အဲ့ဒီအောက်မှာ ရည်ရွယ်ချက်ဖြင့် ပုဒ်မခွဲ(၈)ခု ဖော်ပြထား တာဖြစ်ပါတယ်။ အခန်း(၃)ကတော့ ကော်မတီ ဖွဲ့စည်းခြင်းဖြစ်ပြီး ပုဒ်မ ၄ ဆိုပြီး ပုဒ်မ ၁ ခုသာ ပါဝင်ပါတယ်။ ပုဒ်မ ၄ ရဲ့ အောက်မှာတော့ ကော်မတီရဲ့ဖွဲ့စည်းပုံ ကို ပုဒ်မခွဲ(၅)ခုနဲ့ ဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။

အခန်း(၄)ကတော့ ကော်မတီရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ ဖြစ်ပြီး ပုဒ်မ ၅နဲ့ ပုဒ်မ ၆ ဆိုပြီးတော့ ပုဒ်မ ၂ ခုပါဝင်ပါတယ်။ ပုဒ်မ ၅ မှာတော့ ကော်မတီရဲ့ လုပ်ငန်းတာဝန် များအနေနဲ့ ပုဒ်မခွဲ(၁၃)ခု ထည့်သွင်းထားပြီး ပုဒ်မ ၆ မှာတော့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေအဖြစ် ပုဒ်မခွဲ(၇)ခု ထည့်သွင်း ထားပါတယ်။ အခန်း(၅)ကတော့ ကော်မတီရဲ့ ဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ဖို့အတွက် မြို့နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မြို့နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်များကို ဖော်ပြထားတာ ဖြစ်ပါတယ်။

အခန်း(၅)မှာလည်း ပုဒ်မ ၇ နဲ့ ပုဒ်မ ၈ ဆိုပြီးတော့ ပုဒ်မ ၂ ခု ပါဝင်ပါတယ်။ ပုဒ်မ ၇မှာ ပုဒ်မ ခွဲ(၅)ခု ထည့်သွင်း ထားပြီးတော့ ပုဒ်မ ၈ မှာတော့ ပုဒ်မခွဲ(၈)ခု ထည့်သွင်း ထားတာဖြစ်ပါတယ်။

အခန်း(၆)ကတော့ အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်းအကြောင်း ဖော်ပြထားပြီး၊ ကော်မတီနဲ့ ညွှန်ကြားရေးမှူးတို့ရဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တွေကို ပုဒ်မ ၆ ခုနဲ့ ဖော်ပြထား ပါတယ်။ ပုဒ်မ ၉၊ ၁၀၊ ၁၁ (၃)ခုကတော့ ကော်မတီရဲ့လုပ်ငန်း စဉ်တွေကို ဖော်ပြထားခြင်းဖြစ်ပြီးတော့ ပုဒ်မ ၉ မှာ ပုဒ်မ ခွဲ(၅)ခု၊ ပုဒ်မ ၁၁ မှာတော့ ပုဒ်မခွဲ(၂)ခု ထည့်သွင်းထားပါ တယ်။ ပုဒ်မ ၁၂၊ ၁၃၊ ၁၄ ကတော့ ညွှန်ကြားရေးမှူးရဲ့ လုပ်ငန်းစဉ်တွေကို ဖော်ပြထားခြင်းဖြစ်ပြီး ပုဒ်မ ၁၃ မှာ ပုဒ်မခွဲ(၄)ခုပါဝင်ပါတယ်။ ဒီနေရာမှာ အထူးဖော်ပြလိုတာ ကတော့ အခန်း(၆)၊ ပုဒ်မ ၁၃(ခ)နဲ့ အခန်း(၁၁)၊ ပုဒ်မ ၂၆(ဃ)မှာ နှောင့်ယှက်ပေးခြင်းဆိုတဲ့ စကားရပ်နဲ့ ပတ်သက် ပြီးတော့ ကျွန်တော်တို့တွေ ဆွေးနွေးစဉ်အခါမှာတော့ စာလုံးပေါင်းနဲ့ ပတ်သက်ပြီး အနည်းငယ် အကြိတ်အနယ် ဆွေးနွေးရတာရှိခဲ့ပါတယ်။

အခန်း(၇)ကတော့ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရ စ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့်၊ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေး ခြင်းနဲ့ ငြင်းပယ်ခြင်းဆိုတဲ့အချက်ကို ထုတ်နုတ်ဖော်ပြတာ ဖြစ်ပြီး ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ဆိုပြီးတော့ ပုဒ်မ၆ခု ဖော်ပြထားပါတယ်။ ပုဒ်မ ၁၆ ကတော့ ပုဒ်မခွဲ (၂)ခု ပါဝင် ပါတယ်။

အခန်း(၈)ကတော့ လုပ်ငန်းခွင့်ပြုမိန့် သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်း တိုးမြှင့်ခ သတ်မှတ်ခြင်းတို့ကို ထုတ်နုတ် ဖော်ပြထားတာ ဖြစ်ပြီး ပုဒ်မ ၂၁၊ ၂၂ ဆိုပြီးတော့ ပုဒ်မ ၂ ခုပါဝင်ပါတယ်။

အခန်း(၉)ကတော့ အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့် ရရှိသူက လိုက်နာရမည့်တာဝန်များကို ဖော်ပြထားခြင်းဖြစ်ပြီး ပုဒ်မ၂၃၊ ၂၄ဆိုပြီး ပုဒ်မ ၂ ခု ပါဝင်ပါတယ်။ ပုဒ်မ ၂၄ မှာ ခွင့်ပြုမိန့်ရရှိတဲ့သူ လိုက်နာဖို့ စည်းကမ်းချက်တွေကို ပုဒ်မခွဲ(၁၂)ခုနဲ့ ဖော်ပြပေးထားပါတယ်။

အခန်း(၁၀)ကတော့ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်းအကြောင်းဖြစ်ပြီး ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ ဆိုပြီးတော့ ပုဒ်မ ၈ ခု ထည့်သွင်းထားပါတယ်။ ပုဒ်မ ၂၅ မှာတော့ ပုဒ်မခွဲ(၄)ခု၊ ပုဒ်မ ၂၆ မှာ ပုဒ်မခွဲ(၅)ခု၊ ပုဒ်မ ၂၇ မှာ ပုဒ်မခွဲ (၃)ခု၊ ပုဒ်မ ၂၉ မှာ ပုဒ်မခွဲ (၂)ခု၊ ပုဒ်မ ၃၂ မှာ ပုဒ်မခွဲ (၂)ခု ဖော်ပြထားပါတယ်။

အခန်း(၁၁)ကတော့ တားမြစ်ချက်များကို ဖော်ပြထားတာ ဖြစ်ပြီး ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆ ဆိုပြီးတော့ ပုဒ်မ ၄ ခုပါဝင်ပါတယ်။ ပုဒ်မ ၃၃ မှာတော့ ပုဒ်မခွဲ(၂)ခု၊ ပုဒ်မ ၃၄ မှာတော့ ပုဒ်မခွဲ(၃)ခု၊ ပုဒ်မ ၃၅ မှာ ပုဒ်မခွဲ(၃)ခု ထည့်သွင်းထားပါတယ်။

အခန်း(၁၂)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ ဖော်ပြထားတာ ဖြစ်ပါတယ်။ အခန်း(၁၂)မှာ ပုဒ်မ ၃၇၊ ၃၈ ဆိုပြီးတော့ ပုဒ်မ(၂)ခု ဖော်ပြထားပါတယ်။

အခန်း(၁၃)ကတော့ အထွေထွေဖြစ်ပြီးတော့ ပုဒ်မ ၃၉ ကနေ ပုဒ်မ ၅၆အထိ စုစုပေါင်း ပုဒ်မ ၁၈ခု ထည့်သွင်းထားပါတယ်။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းဟာ ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝမျိုးစုံ၊ မျိုးကွဲများထိန်းသိမ်းရေး၊ အများပြည်သူများအပန်းဖြေရေး စတဲ့ အချက်တွေကို အထောက်အကူပြုဖို့ ရှိနေပြီးတော့ အလုပ်အကိုင် အခွင့်အလမ်းတွေများစွာ ဖန်တီးပေးဖို့ရှိနေတဲ့အတွက် ပြည်နယ်အတွက် အကျိုးရှိမယ့် ဥပဒေကြမ်းတစ်ခုဖြစ်၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်။

## တောင်ကြီး(ထင်း)ကြိုးဝိုင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၁၄. ၇. ၂၀၁၈)ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် တောင်ကြီးမြို့၊ တောင်ကြီး(ထင်း)ကြိုးဝိုင်းအတွင်း ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ မိုးရာသီသစ်ပင်စိုက်ပျိုးကာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား တက်ရောက်



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၆. ၆. ၂၀၁၈)ရက်နေ့၊ နံနက် ၈ နာရီအချိန်တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်း အခမ်းအနားနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ထို့နောက် နံနက် ၁၀ နာရီ ၃၀ မိနစ် အချိန်တွင် တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပပြုလုပ်သည့် မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်၍ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီး ပေးခဲ့ပါသည်။






# နိုင်ငံတစ်ဝှမ်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရှင်းလင်းပွဲကျင်းပ




နိုင်ငံတစ်ဝှမ်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် National Case Management Program အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရှင်းလင်းပွဲကို ဇူလိုင်လ (၁၆)ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

# စတုတ္ထအကြိမ် MSMEs Product ဒေသသွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားတက်ရောက်




အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ် MSMEs Product ဒေသသွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆုပေးပွဲကို ၂၀၁၈ခုနှစ် ဇူလိုင်လ(၁)ရက် နံနက် ၉ နာရီအချိန်တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် တက်ရောက်ခဲ့ပါသည်။

# လွှတ်တော်ရေးရာသုတေသန၏ အခန်းကဏ္ဍ ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်







၂၀၁၈ခုနှစ်၊ ဇွန်လ (၂၅)ရက်နေ့၊ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းတို့သည် ရန်ကုန်မြို့ အင်းယားလိပ်ဟိုတယ်၌ ပါလီမန်စင်တာ(ကနေဒါ)နှင့် EMReFမှ ပူးပေါင်းကျင်းပသော လွှတ်တော်ရေးရာသုတေသန၏ အခန်းကဏ္ဍဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်၍ ရှမ်းပြည်နယ်လွှတ်တော်ရေးရာသုတေသနလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း(ဆိုက်ခေါင်)ဖွင့်ပွဲသို့ တက်ရောက်



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာ၌ ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း(ဆိုက်ခေါင်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် ကျောင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာများ ပက်ဖျန်းခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် အပါအဝင်(၁၄)ဦးတို့၏ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ လွှတ်တော်လေ့လာရေးခရီးစဉ်




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းတို့သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးများ ပါဝင်သောအဖွဲ့နှင့်အတူ UNDP၏ အစီအစဉ်ဖြင့် ဟောင်ကောင်အထူး အုပ်ချုပ်ရေးဒေသလွှတ်တော်သို့ လွှတ်တော်ဆိုင်ရာလုပ်ငန်းများစီမံခန့်ခွဲရေးနှင့် လုပ်ထုံးလုပ်နည်း ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များကို (၉. ၇. ၂၀၁၈)ရက်နေ့မှ (၁၃. ၇. ၂၀၁၈) ရက်နေ့ထိ သွားရောက်လေ့လာခဲ့ပါသည်။ ၎င်းခရီးစဉ်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ လွှတ်တော်မှ တာဝန်ရှိသူအား အမှတ်တရလက်ဆောင် ပေးအပ်ပြီး၊ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ပါသည်။






# ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာခြင်း






၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့၊ မွန်းလွဲ ၁ နာရီအချိန်တွင် ရှမ်းပြည်နယ်တရားလွှတ်တော် တရာသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိ စုစုပေါင်း (၉၄)ဦးသည် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်သို လာရောက်လေ့လာခဲ့ပါသည်။

လေ့လာသူများသည် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး လွှတ်တော် အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းက ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထိုနောက် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးကြွယ်ကြွယ်နှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့မှ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ပါသည်။



# တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏အခြေအနေ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်ပြီးဆုံးပွဲနှင့်တွေ့ရှိချက်များအား ပြန်လည်ဆွေးနွေးခြင်း





ရန်ကုန်မြို့ Inya Lake Hotel တွင် UNDP မှကြီးမှူး၍ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်မှ (၂၆) ရက်နေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခြေအနေ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်ပြီးဆုံးပွဲနှင့် တွေ့ရှိချက်များအား ပြန်လည်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံနှင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းတို့ တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)ကျင်းပ





ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)ကို (၃၁. ၇. ၂၀၁၈)ရက်နေ့နှင့် (၁. ၈. ၂၀၁၈)ရက်နေ့၊ နံနက် ၁၀ နာရီအချိန်တွင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ (မူကြမ်း)၊ ရှမ်းပြည်နယ် လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)နှင့် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)တို့အား ဆွေးနွေးအကြံပြုခြင်း၊ ဆုံးဖြတ်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို ညနေ ၄နာရီ ၁၅မိနစ် အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌများသည် UNDP ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကော်မတီဥက္ကဋ္ဌများအတွက် ကော်မတီဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ဦးဆောင်သည့် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ(၁၀)ဦးသည် (၁၃. ၈. ၂၀၁၈) ရက်နေ့၊ နံနက် ၉ နာရီ အချိန်တွင် မန္တလေးမြို့ Sakura Princess Hotel ၌ UNDP မှ ကျင်းပပြုလုပ်သော ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကော်မတီဥက္ကဋ္ဌများအတွက် ကော်မတီဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် လွှတ်တော်စောင့်ကြည့်လေ့လာထိန်းညှိခြင်း၊ စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်များနှင့် စီမံကိန်းချမှတ်ခြင်း၊ အကြောင်းအရာခေါင်းစဉ်များနှင့် အလုပ်တာဝန် (ToR)၊ အဓိကသက်ဆိုင်သူများအား ရှာဖွေ သတ်မှတ်ခြင်း (Stateholder mapping)၊ အထောက်အထားစုဆောင်းခြင်း၊ ကြားနာမှုများနှင့်အစီရင်ခံခြင်း၊ အကြံပြုချက် ရေးသားခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း စသည့်ခေါင်းစဉ်များ ဆွေးနွေးကြပြီး၊ ဆွေးနွေးပွဲအား (၁၃. ၈. ၂၀၁၈) ရက်နေ့မှ (၁၅. ၈. ၂၀၁၈) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပင်းတယ်မြို့နယ် ရွှေပုထိုး(တောင်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်



(၂၄. ၈. ၂၀၁၈) ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွှေပုထိုး(တောင်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မှ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပါသည်။ ထို့နောက် အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားခဲ့ပြီး အလှူငွေ ပေးအပ်လှူဒါန်းခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဂုဏာပူဇာမင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာသဘင် တက်ရောက် လှူဒါန်းပူဇော်



(၂၆. ၈. ၂၀၁၈) ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် တောင်ကြီးမြို့ ဝေဠုဝန်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့၊ ပေရတေနိယတက္ကသိုလ် University of Peradeniya, Sri Lanka မှ ပါရဂူဘွဲ့ ဆွတ်ခူးရရှိတော်မူသော အောင်ချမ်းသာဆရာတော် ဒေါက်တာ ဘဒ္ဒန္တ မဟောသဓာလင်္ကာရာဘိဝံသအား ဂုဏ်ပြုပူဇော်ခြင်း ဂုဏာပူဇာမင်္ဂလာနှင့် ဆရာတော်ကြီး ၅ ပါးအား သိက္ခာကံထပ် ခြင်း အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ သိမ်ဆင်းဆရာတော်သံဃာတော်များအား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

---

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှစ်(၅၀)ပြည့် ရွှေရတုသဘင် တောင်ကြီးမြို့၊ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတက်ရောက်လှူဒါန်း






ရွှေဘုန်းပွင့်ဘုရားအား ဦးထိပ်ထား၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်(၅၀)ပြည့် ရွှေရတုသဘင် တောင်ကြီးမြို့၊ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားအား (၂၆. ၈. ၂၀၁၈) ရက်နေ့တွင် မူလမင်းကွန်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် တက်ရောက်၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများနှင့် အလှူငွေများ ဆပ်ကပ်လှူဒါန်းကာ ရေစက်သွန်းချခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၈)ကျင်းပ



ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၇. ၈. ၂၀၁၈) ရက်နေ့ နံနက် ၉ နာရီ ၃၀ မိနစ်အချိန်တွင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ ပထမပိုင်းအခမ်းအနား အစီအစဉ်အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာဥပဒေ(မူကြမ်း) ပြင်ဆင်ရန် အကြံပြုချက်များကို ဆွေးနွေးသုံးသပ်အကြံပြုခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များ၊ ရှမ်းပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီအချိန်တွင် ဒုတိယပိုင်းအခမ်းအနား အစီအစဉ်အရ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ်လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)များအပေါ် ဆွေးနွေးအကြံပြုခြင်း၊ ဆုံးဖြတ်ခြင်းတို့ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် ပေါင်းစပ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ(မူကြမ်း)အပေါ် အပြီးသတ် ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို ညနေ ၄ နာရီ ၂၀ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၈)ကျင်းပ



ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)ကို (၂၇. ၈. ၂၀၁၈)ရက်နေ့၊ နံနက် ၉ နာရီ ၃၀ မိနစ်အချိန်တွင် လွှတ်တော်ရေးရာကော်မတီ အခန်း(၂)တွင် ကျင်းပ ပြုလုပ်ခဲ့ရာ အခမ်းအနားအစီအစဉ်အရ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ(မူကြမ်း) ပြင်ဆင်ရန် အကြံပြုချက်များကို ဆွေးနွေးသုံးသပ် အကြံပြုခဲ့ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



# ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၏ ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လားရှိုးမြို့နယ်အတွင်းရှိ ပြည်သူများ တင်ပြတိုင်ကြားလာသော အမှုတွဲများအား (၃၀. ၇. ၂၀၁၈)ရက်နေ့ မှ (၆. ၈. ၂၀၁၈) ရက်နေ့ထိ ကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံဦးဆောင်၍ ကော်မတီဝင် ၄ ဦးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် အမှုတွဲများအပေါ် ကွင်းဆင်းစိစစ်တွေ့ရှိချက် အစီရင်ခံစာအား ကော်မတီ၏ သုံးသပ်၊ အကြံပြုချက်တို့နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်ပြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကွင်းဆင်းစိစစ်ချက်အစီရင်ခံစာအား လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့ပါသည်။






# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ နယ်မြေဒေသကွင်းဆင်းလှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က
ပလောင်တောင်တန်းရေပုံကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ
တက်ရောက်စဉ်



ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တယ်ချန်က
အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေမှု
အခြေအနေ၊ စာသင်ကျောင်းဆောင်အခြေအနေများအားကြည့်ရှုနေစဉ်




ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က
ပလောင်တောင်တန်းရေပုံကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ
တက်ရောက်၍ ကျောင်းသူတစ်ဦးအားဆုချီးမြှင့်နေစဉ်




ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တယ်ချန်က
ကျန်းမာရေးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံနေစဉ်




ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က
ထင်းရှူးပြားကျေးရွာ မြေသားလမ်းဖောက်လုပ်ရန် ပြည်သူများအား
ရှင်းလင်းပြောကြားနေစဉ်



ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တယ်ချန်က
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ နယ်မြေဒေသကွင်းဆင်းလှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်တွင် လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်က ကြိုဆိုနှုတ်ဆက်စဉ်




ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမြင့်လွင်က တာမိုးညဲဒေသ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားများ ပြုလုပ်ရာတွင် လုပ်အားပေးသူများအားချီးမြှင့်ထောက်ပံ့ပေးအပ်ခြင်း




သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်နန်းစမ်းစမ်းအေးက တာလုံကျေးရွာသို့အထက်ရဲရွာရေအားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးစီမံကိန်းတွေ့ဆုံပွဲသို့တက်ရောက်စဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမြင့်လွင်က ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ထူးချွန်ဆုရ ကျောင်းသူ/ ကျောင်းသားများအား ချီးမြှင့်ခြင်းမှတ်တမ်းဓာတ်ပုံ




ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် တာလုံကျေးရွာသို့အထက်ရဲရွာရေအားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးလုပ်ငန်းညှိနှိုင်းကော်မတီ တက်ရောက်စဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမြင့်လွင်က တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဆရာ/ဆရာမများနှင့် လုပ်အားပေးသူများနှင့် တွေ့ဆုံစဉ် အမှတ်တရဓာတ်ပုံ

# ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ





ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် အောင်ပန်းမြို့အတွက် အမှန်တကယ်လိုအပ်ချက်ဖြစ်သော အဝေးပြေးယာဉ်ရပ်နားရန်နှင့် ကုန်တင်ယာဉ် ရပ်နားကွင်း မြေနေရာနှင့်ပတ်သက်ပြီး Town Plan ရေးဆွဲရေးအဖွဲ့ခေါင်းဆောင် တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့်အတူ အဖွဲ့ဝင်များဖြစ်သော စည်ပ

င်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရပ်မိရပ်ဖများ၊ စီမံကိန်းဧရိယာ သတ်မှတ် ထားသောမြေနေရာအား ကွင်းဆင်းပြီး ပြည်နယ်အစိုးရထံ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြရန် Town Plan မူကြမ်း ရေးဆွဲနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ပြီး၊ ၎င်းမူကြမ်းရေးဆွဲရာတွင် အောင်ပန်းမြို့သူ/မြို့သားများရဲ့အကြံပြုချက်များ၊ တတ်သိပညာရှင်များ၊ ဌာနဆိုင်ရာများ၏ အတွေ့အကြုံ၊ အကြံပြုချက်များ ပေါင်းစပ်ကာ အောင်ပန်းမြို့၊ အဆင့်မြင့် ကုန်တင်ယာဉ်ရပ်နားရန်နှင့် အဝေးပြေးယာဉ်ရပ်နားကွင်း ဖော်ဆောင်မည့်မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။



